## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## စီမံကိန်းဦးစီးဌာန

## လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်း တင်ပို့မှုဆိုင်ရာအစီရင်ခံစာ (၂၀၂၃ ခုနှစ်၊ ဇွန်လ)



ရက်စွဲ ၂၅ - ၇ - ၂၀၂၃

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဇွန်လ (၃၀) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃ |
| ၅။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဇွန်လ(၃၀) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃-၄ |
| ၆။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဇွန်လ(၃၀) ရက်ထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု | ၄-၅ |
| ၇။ | ဆန်နှင့်ဆန်ကွဲ | ၅-၇ |
| ၈။ | ပဲအမျိုးမျိုး | ၈-၁၁ |
| ၉။ | ပြောင်း | ၁၁-၁၂ |
| ၁၀။ | ရာဘာစိမ်း | ၁၂-၁၃ |
| ၁၁။ | နှမ်း | ၁၄ |
| ၁၂။ | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၄-၁၅ |
| ၁၃။ | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၆ |
| ၁၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇွန်လ(၃၀) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၆ |
| ၁၅။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆-၁၈ |
| ၁၆။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၈-၁၉ |
| ၁၇။ | သုံးသပ်ချက် | ၁၉-၂၀ |
| ၁၈။ | နိဂုံး | ၂၁ |
| ၁၉။ | နောက်ဆက်တွဲဇယားများ | |


# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၃ ခုနှစ်၊ ဇွန်လ)

### နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ (၅) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-က၊ ပုံ-၁)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၃၀-၆-၂၀၂၃) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေရန်နှင့် မူဝါဒချမှတ်ခြင်း၊ သုတေသနစာတမ်းများပြုစုခြင်းတို့ အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

## ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပ ပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၇,၁၅၄.၄) သန်းရှိသည့်အနက် လယ်ယာထွက် ကုန်အနေဖြင့် ဒေါ်လာ (၂,၉၈၆.၉၈) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုးစုစုပေါင်း (၁၆,၆၂၀.၁၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် ဒေါ်လာ (၃,၉၉၉.၀၂) သန်းရှိခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်(၁၇%)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၂၄%) ရှိခဲ့ သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၇%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁)

၅။ သို့ဖြစ်၍ ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုး မှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၅၃၄.၂၃) သန်းလျော့နည်းခဲ့သော်လည်း လယ်ယာ ထွက်ကုန်ပစ္စည်းပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၀၁၂.၀၄) သန်း တိုးတက်ရရှိခဲ့သည်။ (နောက်ဆက်တွဲ ဇယား-က)

ဇယား (၁) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဧပြီ မှ မတ် | ၂၀၁၉-၂၀၂၀ ဧပြီ မှ မတ် | ၂၀၂၀-၂၀၂၁ ဧပြီ မှ မတ် | ၂၀၂၁-၂၂ ဧပြီ မှ မတ် | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၃-၂၀၂၃ (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃ထိ) |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၇% | ၂၀% | ၂၇% | ၂၇% | ၂၄% | ၂၆% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃% | ၂% | ၀.၄၂% | ၀.၀၅% | ၀.၁၂% | ၀.၀၅% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၅% | ၅% | ၃% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၁၀% | ၈% | ၄% | ၂% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၁% | ၁.၀% | ၀.၈% | ၁.၀% | ၀.၈% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၅% | ၅၉% | ၅၃% | ၅၇% | ၆၆% | ၆၅% |
| ၇ | အခြားပစ္စည်း | ၁၀% | ၄% | ၆% | ၅% | ၃% | ၂% |
| | **စုစုပေါင်း** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | ၁၀၀% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇွန်လ (၃၀) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ

၆။ အစီရင်ခံကာလဖြစ်သော (၁-၄-၂၀၂၃) မှ (၃၀-၆-၂၀၂၃) အထိ ပို့ကုန်တင်ပို့မှုစုစုပေါင်း ဒေါ်လာသန်း (၃,၃၂၆.၈၁) တွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၈၆၂.၄၀) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၁.၆၈) သန်း၊ ရေထွက် ဒေါ်လာ(၁၁၅.၂၄) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၇၂.၇၉)သန်း၊ သစ်တောထွက် ဒေါ်လာ(၁၈.၆၂)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၂,၁၇၆.၅၂) သန်းနှင့် အခြား ဒေါ်လာ(၇၉.၅၄) သန်းပါဝင်ခဲ့ပါသည်။ နောက်ဆက်တွဲဇယား(က)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဇွန်လ (၃၀) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ

၇။ လယ်ယာထွက်ပစ္စည်းတင်ပို့မှုတွင် လယ်ယာကဏ္ဍတင်ပို့မှုအနေဖြင့် စုစုပေါင်း ဒေါ်လာ (၉၇၉.၃၃) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း (၈၆၂.၄၁) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း (၁.၆၈) သန်းနှင့် ရေထွက်ပစ္စည်း (၁၁၅.၂၄) သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။ ဇယား(၂)


ဇယား (၂) - လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၉၇၉.၃၃ | ၁,၂၃၇.၀၆ | - ၂၅၇.၇၃ | - ၂၀.၈၃% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၈၆၂.၄၁ | ၁၀၉၁.၅၅ | - ၂၂၉.၁၄ | - ၂၀.၉၉% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၁၁၄.၉၇ | ၂၁၁.၁၆ | - ၉၆.၁၉ | - ၄၅.၅၅% |
| | | တန်ချိန် | ၂၆၈,၄၆၇.၃၅ | ၆၁၈,၆၇၅.၆၅ | - ၃၅၀,၂၀၈.၃ | - ၅၆.၆၁% |
| | (က) ဆန် | US$ | ၅၆.၆၆ | ၁၃၂.၅၅ | - ၇၅.၈၉ | - ၅၇.၂၅% |
| | | တန်ချိန် | ၁၁၉,၀၂၇.၇၅ | ၃၇၀,၉၈၃.၈ | - ၂၅၁,၉၅၆.၀၅ | - ၆၇.၉၂% |
| | (ခ) ဆန်ကွဲ | US$ | ၅၈.၃၁ | ၇၈.၆၁ | - ၂၀.၃ | - ၂၅.၈၂% |
| | | တန်ချိန် | ၁၄၉,၄၃၉.၆ | ၂၄၇,၆၉၁.၈၅ | - ၉၈,၂၅၂.၂၅ | - ၃၉.၆၇% |
| ၂ | ပဲအမျိုးမျိုး | US$ | ၃၃၃.၄၆ | ၃၆၇.၆၅ | - ၃၄.၁၉ | - ၉.၃၀% |
| | | တန်ချိန် | ၄၂၄,၁၈၇.၇၁ | ၄၈၇,၂၆၁.၅၉ | - ၆၃,၀၇၃.၈၈ | - ၁၂.၉၄% |
| ၃ | ပြောင်း | US$ | ၁၇၉.၁၈ | ၁၈၄.၂၂ | - ၅.၀၄ | - ၂.၇၄% |
| | | တန်ချိန် | ၅၈၀,၄၃၈.၆၆ | ၅၉၀,၆၃၅.၆၂ | -၁၀,၁၉၆.၉၆ | - ၁.၇၃% |


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၄ | နှမ်း | US$ | ၂၀.၆၇ | ၂၇.၆၈ | - ၇.၀၁ | - ၂၅.၃၃% |
| | | တန်ချိန် | ၁၃,၈၄၆.၄၇ | ၂၁,၈၄၈.၅၅ | - ၈,၀၀၂.၀၈ | - ၃၆.၆၃% |
| ၅ | ရော်ဘာစိမ်း | US$ | ၅၃.၄၈ | ၁၀၆.၂၁ | - ၅၂.၇၃ | - ၄၉.၆၅% |
| | | တန်ချိန် | ၄၃,၄၀၀.၉၄ | ၆၈,၆၆၅.၄၅ | - ၂၅,၂၆၄.၅၁ | - ၃၆.၇၉% |
| ၆ | အခြားသီးနှံ | US$ | ၁၆၀.၆၅ | ၁၉၄.၆ | - ၃၃.၉၈ | - ၁၇.၄၆% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၁.၆၈ | ၉.၉၁ | - ၈.၂၃ | - ၈၃.၀၅% |
| ရေထွက်ပစ္စည်း | | US$ | ၁၁၅.၂၄ | ၁၃၅.၆ | - ၂၀.၃၆ | - ၁၅.၀၁% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၂)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၃)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇွန်လ (၃၀) ရက်ထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၈။ လယ်ယာထွက်ပစ္စည်းတင်ပို့မှု ဒေါ်လာ (၈၆၂.၄၁) သန်းတွင် ဆန်နှင့် ဆန်ကွဲမှာ တန်ဘိုး ဒေါ်လာ (၁၁၄.၉၇) သန်း၊ တန်ချိန် (၂၆၈,၄၆၇.၃၅)၊ ပဲအမျိုးမျိုးမှာ တန်ဘိုး ဒေါ်လာ (၃၃၃.၄၆) သန်း၊ တန်ချိန် (၄၂၄,၁၈၇.၇၁)၊ ပြောင်းမှာ တန်ဘိုး ဒေါ်လာ (၁၇၉.၁၈)သန်း၊ တန်ချိန် (၅၈၀,၄၃၈.၆၆)၊ ရာဘာစိမ်းမှာ တန်ဘိုး ဒေါ်လာ (၅၃.၄၈)သန်း၊ တန်ချိန်(၄၃,၄၀၀.၉၄) နှင့်

ဆီထွက်သီးနှံဖြစ်သော နှမ်းမှာ တန်ဘိုး ဒေါ်လာ (၂၀.၆၇)သန်း၊ တန်ချိန် (၁၃,၈၄၆.၄၇) ပါဝင်ခဲ့ပြီး အခြားသီးနှံ ဒေါ်လာ (၁၆၀.၆၅) သန်း ပါဝင်သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂၊ ပုံ ၂၊ ၃)

## ဆန်နှင့် ဆန်ကွဲ

၉။ အစီရင်ခံကာလ(၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃) ရက်နေ့အထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်း ဒေါ်လာ(၈၆၂.၄၁) သန်းတွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် တန်ဘိုးဒေါ်လာ (၁၁၄.၉၇) သန်း၊ တန်ချိန် (၂၆၈,၄၆၇.၃၅) တင်ပို့ခဲ့ပါသည်။ (ပုံ-၄)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၄)။ (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃ ထိ) လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၁၀။ ယခုအပတ်အတွင်း (၂၄-၆-၂၀၂၃ မှ ၃၀-၆-၂၀၂၃ ထိ) **ဆန်**တင်ပို့မှုတွင် တန်ချိန်(၅,၀၄၅)၊ တန်ဖိုး ကန်ဒေါ်လာ (၂.၄၇၉) သန်းရှိပြီး၊ ပင်လယ်ရေကြောင်းမှ တန်ချိန် (၄,၇၁၈) ၊ နယ်စပ်မှ တန်ချိန် (၃၂၇) တင်ပို့ခဲ့ပါသည်။ UK ၊ ပေါ်တူဂီ၊ တူရကီ၊ ဖိလစ်ပိုင်နှင့် ဟန်ဂေရီနိုင်ငံတို့သို့ တင်ပို့မှု ပိုမိုခဲ့ပါသည်။ နယ်စပ်တွင် မူဆယ်စခန်းမှ တန်ချိန် (၂၄၉)၊ တန်ဖိုးကန်ဒေါ်လာ (၀.၁၁၆) သန်း ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။

၁၁။ **ဆန်ကွဲ**တင်ပို့မှုတွင် တန်ချိန် (၇,၆၄၅) ၊ တန်ဖိုး ကန်ဒေါ်လာ (၃.၁၁၇) သန်းခန့် ရှိပြီး ပင်လယ်ရေကြောင်းမှ တန်ချိန်(၅,၇၃၆) ၊ နယ်စပ်မှ တန်ချိန် (၁,၉၀၉) တင်ပို့ခဲ့ကြောင်း၊ ယခင် အပတ်နှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဘယ်လ်ဂျီယံ၊ စပိန်၊ လစ်သူယေးနီးယား၊ တရုတ်နိုင်ငံတို့သို့ တင်ပို့မှုတွင် တန်ချိန် (၂,၀၉၄) လျော့နည်းခဲ့ပြီး နယ်စပ်မှ တန်ချိန် (၁၇၅) ပိုမို တင်ပို့ခဲ့သော်လည်း မူဆယ်၊ လွယ်ဂျယ်စခန်းတို့မှ တင်ပို့မှုလျော့နည်းခဲ့သဖြင့် စုစုပေါင်း ဆန်ကွဲ တန်ချိန် (၉၁၈) လျော့နည်းခဲ့ပါသည်။ ၂၀၂၃ ခုနှစ် မတ်လ(၁) ရက်နေ့မှစ၍ နယ်စပ်ကုန်သွယ်

ရေးစခန်းများမှတစ်ဆင့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ တင်ပို့မှုမှ ရရှိသည့် နိုင်ငံခြားသုံးငွေများ၏ (၆၅%)ကို ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်လဲလှယ်သွားရန်နှင့် ကျန် (၃၅%) ကို ပို့ကုန်သုံးစွဲသူမသုံးစွဲခွင့်ပြုရန် ညွှန်ကြားချက်ထုတ်ပြန် ဆောင်ရွက်လျက်ရှိရာ အမိန့်ထုတ်ပြန်ပြီး နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ(၁) ရက် မှ ဇွန်လ(၃၀) ရက်အတွင်း နယ်စပ်တင်ပို့မှုတွင် ဆန်အား မူဆယ်မှ တန်ချိန် (၁,၀၀၀)၊ လွယ်ဂျယ်မှ တန်ချိန် (၇၅၀)၊ ကျိုင်းတုံမှ တန်ချိန် (၄၅) နှင့် ဆန်ကွဲအား မူဆယ်မှ (၃,၆၄၇) တန်၊ လွယ်ဂျယ်မှ (၂,၉၈၆) တန်နှင့် ချင်းရွှေဟော်မှ (၁၄,၉၃၆) တန် တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် ဇွန်လဆန်းပိုင်းတွင် ဆန်ဈေးများ ဆက်လက်မြင့်တက်နေပြီး၊ ယခင်လထက် ဆန်တစ်အိတ်လျှင် ကျပ် (၇,၀၀၀) မှ (၁၀,၀၀၀) ထိ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ဇယား (၃)- ပြည်တွင်းဧည့်မထဆန်(မိုး)ဈေးနှုန်းများ

တစ်တင်းခွဲ (၁၀၈ပေါင်)/ကျပ်

| စဉ် | ဈေးကွက် | ယခုအပတ် (၃၀-၆-၂၀၂၃) | ယခင်အပတ် (၂၃-၆-၂၀၂၃) | ခြားနားချက် | % |
|---|---|---|---|---|---|
| ၁ | လှိုင်ကော် | ၉၁,၀၀၀ | ၉၁,၀၀၀ | - | - |
| ၂ | ဘားအံ | ၆၄,၅၀၀ | ၆၃,၅၀၀ | ၁,၀၀၀ | ၂% |
| ၃ | မြိတ် | ၇၁,၀၀၀ | ၇၁,၀၀၀ | - | - |
| ၄ | ပဲခူး | ၆၅,၀၀၀ | ၆၅,၀၀၀ | - | - |
| ၅ | ပြည် | ၆၄,၀၀၀ | ၆၄,၀၀၀ | - | - |
| ၆ | မကွေး | ၉၀,၀၀၀ | ၉၀,၀၀၀ | - | - |
| ၇ | မန္တလေး | ၈၃,၀၀၀ | ၈၀,၀၀၀ | ၃,၀၀၀ | ၄% |
| ၈ | နေပြည်တော် | ၇၄,၀၀၀ | ၇၂,၀၀၀ | ၂,၀၀၀ | ၃% |
| ၉ | ပျဉ်းမနား | ၇၄,၀၀၀ | ၇၂,၀၀၀ | ၂,၀၀၀ | ၃% |
| ၁၀ | မော်လမြိုင် | ၆၅,၅၀၀ | ၆၅,၀၀၀ | ၅၀၀ | ၁% |
| ၁၁ | စစ်တွေ | ၈၅,၀၀၀ | ၈၀,၀၀၀ | ၅,၀၀၀ | ၆% |
| ၁၂ | သန်လျင် | ၆၆,၀၀၀ | ၆၆,၀၀၀ | - | - |
| ၁၃ | တောင်ကြီး | ၇၀,၀၀၀ | ၇၀,၀၀၀ | - | - |
| ၁၄ | လားရှိုး | ၆၇,၂၀၀ | ၆၇,၂၀၀ | - | - |
| ၁၅ | ကျိုင်းတုံ | ၇၃,၀၀၀ | ၇၃,၀၀၀ | - | - |
| ၁၆ | ပုသိမ် | ၆၇,၀၀၀ | ၆၇,၀၀၀ | - | - |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၁၂။ အာရှဆန်စျေးကွက်တွင် အိန္ဒိယနိုင်ငံအနေဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ တောင်းဆိုလာမှုအရ ဧပြီလ ၁ ရက်နေ့မှစတင်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အင်ဒိုနီးရှား၊ ဆီနီဂေါနှင့် ဂမ်ဘီယာနိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အိန္ဒိယအစိုးရသည် ပြည်ပသို့ ဆန်ကွဲတင်ပို့ခြင်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှ စတင်၍ တားမြစ်ခဲ့ပြီး စားနပ်ရိက္ခာအခက်အခဲဖြစ်ပေါ်သည့်နိုင်ငံများမှ အစိုးရအချင်းချင်း ညှိနှိုင်းလာပါက ယင်းနိုင်ငံများသို့ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ပြီးခဲ့သည့် မေလ ၂၄ ရက်နေ့တွင် ပြင်ဆင်ချက် ထုတ်ပြန်ခဲ့ပါသည်။ အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) ၏ ထုတ်ပြန်ချက်တွင် ဆန်ကွဲတင်ပို့မှု စတင်တားမြစ်ခဲ့သည့် အချိန်မတိုင်မီ ၃ နှစ်တာကာလအတွင်း အဆိုပါနိုင်ငံများသို့ ဆန်အမျိုးအစားအားလုံးကို တင်ပို့ခဲ့သောရာဇဝင်ရှိသည့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ဆန်ကွဲတင်ပို့ရန် ခွဲတမ်းလျှောက်ထားနိုင်ကြောင်း နောက်ဆုံးရက်ကို ဇွန်လ ၃၀ ရက်သတ်မှတ်ထားပြီး ခွင့်ပြုချက်ရရှိသူများအနေဖြင့် ယခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း ဆန်ကွဲများကို တင်ပို့ရမည်ဖြစ်ပြီး သက်ဆိုင်ရာဆိပ်ကမ်းသို့ ကုန်ချပြီးကြောင်း လက်မှတ်ကို တင်ပို့သည့်နေ့မှ ၁ လအတွင်း တင်ပြရမည်ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် မေလတွင် ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန် (၁၆၆.၆၈၁) သန်း ဖြစ်ပါသည်။

ဇယား (၄)- ပြည်ပတွင်ဖြစ်ပေါ်နေသော ဆန်တစ်တန် FOB စျေးနှုန်းများ

တန်/ဒေါ်လာ

| စဉ် | နိုင်ငံ | အမျိုးအစား | ယခုအပတ် (၃-၇-၂၀၂၃) | ယခင်အပတ် (၂၆-၆-၂၀၂၃) |
|---|---|---|---|---|
| (က) | ထိုင်း | ဆန်ဖြူ ၁၀၀ % | ၅၃၂ | ၅၃၅ |
| | | ဆန်ဖြူ ၅ % | ၅၁၈ | ၅၂၀ |
| | | ဆန်ဖြူ ၂၅ % | ၄၉၈ | ၅၀၂ |
| | | ပေါင်းဆန် ၁၀၀ % | ၅၂၃ | ၅၃၂ |
| (ခ) | ဗီယက်နမ် | ဆန်ဖြူ ၅ % | ၅၁၂ | ၅၀၇ |
| | | ဆန်ဖြူ ၂၅ % | ၄၉၂ | ၄၈၇ |
| (ဂ) | ပါကစ္စတန် | ဆန်ဖြူ ၅ % | ၄၉၂ | ၄၉၂ |
| | | ဆန်ဖြူ ၂၅ % | ၄၆၂ | ၄၆၂ |
| (ဃ) | အိန္ဒိယ | ဆန်ဖြူ ၂၅ % | ၄၅၂ | ၄၄၂ |
| (င) | မြန်မာ | ဆန်ဖြူ ၅ % | ၅၀၅-၅၁၅ | ၅၁၀-၅၂၀ |
| | | ဆန်ဖြူ ၁၀ % | ၄၉၅-၅၀၅ | ၅၀၀-၅၁၀ |
| | | ဆန်ဖြူ ၁၅ % | ၄၈၅-၄၉၅ | ၄၉၀-၅၀၀ |
| | | ဆန်ဖြူ ၂၅ % | ၄၆၅-၄၇၅ | ၄၇၀-၄၈၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပဲအမျိုးမျိုး

၁၃။ ၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃ ရက်နေ့အထိ ပဲအမျိုးမျိုးတင်ပို့မှုမှာ တန်ဘိုး ဒေါ်လာ (၃၃၃.၄၆) သန်း၊ တန်ချိန် (၄၂၄,၁၈၇.၇၁) ရှိခဲ့ပြီး၊ မတ်ပဲ တန်ဘိုး ဒေါ်လာ(၁၁၇.၆၄)သန်း၊ တန်ချိန် (၁၄၀,၂၁၁.၇၃) ဖြင့် အများဆုံး၊ ပဲတီစိမ်း တန်ဘိုး ဒေါ်လာ(၁၀၃.၄၀)သန်း၊ တန်ချိန် (၁၅၆,၉၁၇.၃၆) ဖြင့် ဒုတိယအများဆုံးနှင့် ပဲစဉ်းငုံ တန်ဘိုး ဒေါ်လာ(၄၂.၇၂)သန်း၊ တန်ချိန် (၅၁,၁၂၇.၀၃) ဖြင့် တတိယအများဆုံး တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ ဇယား(၅)၊ ပုံ (၅၊ ၆)


ဇယား (၅)- ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ ဇွန်လ ၃၀ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၂-၂၀၂၃) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| | ပဲအမျိုးမျိုး | US$ | ၁,၄၇၀.၆၆ | ၃၃၃.၄၆ | ၃၆၇.၆၅ | - ၃၄.၁၉ | - ၉% |
| | | တန်ချိန် | ၁,၉၁၉,၁၅၆.၁၀ | ၄၂၄,၁၈၇.၇၁ | ၄၈၇,၂၆၁.၅၉ | - ၆၃,၀၇၃.၈၈ | - ၁၃% |
| ၁ | မတ်ပဲ | US$ | ၅၃၁.၈၀ | ၁၁၇.၆၄ | ၇၅.၉၅ | ၄၁.၆၉ | ၅၅% |
| | | တန်ချိန် | ၆၄၉,၉၄၀.၂၃ | ၁၄၀,၂၁၁.၇၃ | ၉၂,၈၆၆.၀၁ | ၄၇,၃၄၅.၇၂ | ၅၁% |
| ၂ | ပဲတီစိမ်း | US$ | ၄၈၉.၀၉ | ၁၀၃.၄ | ၁၈၉.၂၆ | - ၈၅.၈၆ | - ၄၅% |
| | | တန်ချိန် | ၆၉၁,၃၉၉.၂၉ | ၁၅၆,၉၁၇.၃၆ | ၂၄၇,၄၈၁.၄၂ | - ၉၀,၅၆၄.၀၆ | - ၃၇% |
| ၃ | ပဲစင်းငုံ | US$ | ၁၈၇.၃၉ | ၄၂.၇၂ | ၅.၂၆ | ၃၇.၄၆ | ၇၁၂% |
| | | တန်ချိန် | ၂၃၉,၅၃၇.၇၃ | ၅၁,၁၂၇.၀၃ | ၇,၁၈၈.၆၈ | ၄၃,၉၃၈.၃၅ | ၆၁၁% |
| ၄ | ကုလားပဲ | US$ | ၁၃.၁၄ | ၀.၃၉ | ၁၁.၃၇ | - ၁၀.၉၈ | - ၉၇% |
| | | တန်ချိန် | ၁၈,၆၇၆.၈၆ | ၄၃၄.၃၂ | ၁၆,၃၉၃.၅၁ | - ၁၅,၉၅၉.၁၉ | - ၉၇% |
| ၅ | ပဲလွန်းဖြူ | US$ | ၄၀.၅၈ | ၈.၇၉ | ၁၀.၆၇ | - ၁.၈၈ | - ၁၈% |
| | | တန်ချိန် | ၆၄,၀၀၁.၇၉ | ၁၄,၁၄၄.၃၁ | ၁၆,၀၃၁.၈၉ | - ၁,၈၈၇.၅၈ | - ၁၂% |
| ၆ | မြေထောက်ပဲ | US$ | ၅၀.၃၁ | ၁၂.၇ | ၂၅.၉၂ | - ၁၃.၂၂ | - ၅၁% |
| | | တန်ချိန် | ၅၉,၄၂၅.၇၁ | ၁၁,၃၉၀.၄၅ | ၃၆,၉၆၅.၀၉ | - ၂၅,၅၇၄.၆၄ | - ၆၉% |
| ၇ | ထောပတ်ပဲ | US$ | ၂၇.၀၂ | ၁၄.၅၂ | ၁၅.၇၄ | - ၁.၂၂ | - ၈% |
| | | တန်ချိန် | ၃၃,၈၀၂.၉၈ | ၁၄,၅၇၄.၃၅ | ၂၀,၁၉၅.၂၃ | - ၅,၆၂၀.၈၈ | - ၂၈% |
| ၈ | ပဲယင်း | US$ | ၆၀.၇၇ | ၁၃.၉၁ | ၁၄.၈၈ | - ၀.၉၇ | - ၇% |
| | | တန်ချိန် | ၈,၄၆၇၂.၆၁ | ၁၈,၃၁၅.၇၉ | ၂၂၈၈၄.၁၁ | - ၄,၅၆၈.၃၂ | - ၂၀% |
| ၉ | ပဲကြီး | US$ | ၅.၅ | ၁.၉၅ | ၄.၀၈ | - ၂.၁၃ | - ၅၂% |
| | | တန်ချိန် | ၇,၇၇၂.၉၅ | ၁,၉၁၃.၀၃ | ၆,၂၈၇.၉၅ | - ၄,၃၇၄.၉၂ | - ၇၀% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၅.၃၃ | ၂.၁၅ | ၂.၈၁ | - ၀.၆၆ | - ၂၃% |
| | | တန်ချိန် | ၈,၅၁၃.၈၆ | ၃,၄၆၆.၅၂ | ၄,၃၂၂.၁၆ | - ၈၅၅.၆၄ | - ၂၀% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၅.၂၆ | ၀.၈၁ | ၃.၅ | - ၂.၆၉ | - ၇၇% |
| | | တန်ချိန် | ၂၀,၉၀၈.၈၅ | ၁,၂၅၉.၅၅ | ၄,၇၀၆.၆၇ | - ၃,၄၄၇.၁၂ | - ၇၃% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၂၁ | ၀.၀၁ | ၀.၀၆ | - ၀.၀၅ | - ၈၃% |
| | | တန်ချိန် | ၂၂၃.၅၁ | ၄.၇၄ | ၆၆.၀၀ | - ၆၁.၂၆ | - ၉၃% |

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ ဇွန်လ ၃၀ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၃-၂၀၂၄) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| ၁၃ | ပဲနီကြီး | US$ | ၂.၂၈ | ၀.၄၆ | ၁.၇၆ | - ၁.၃ | - ၇၄% |
| | | တန်ချိန် | ၅,၅၂၀.၃၀ | ၈၈၄.၉၈ | ၄,၄၇၇.၇၅ | - ၃,၅၉၂.၇၇ | - ၈၀% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၈၇ | ၀.၅၁ | ၀.၄၇ | ၀.၀၄ | ၉% |
| | | တန်ချိန် | ၁,၂၀၇.၄၁ | ၆၉၅.၅ | ၆၁၅.၆ | ၇၉.၉ | ၁၃% |
| ၁၅ | မြေပဲဆံ | US$ | ၄၀.၁၆ | ၁၃.၃၉ | ၅.၂၃ | ၈.၁၆ | ၁၅၆% |
| | | တန်ချိန် | ၃၂,၀၄၆.၁၇ | ၈,၆၇၆.၅၂ | ၅,၆၀၂.၉ | ၃,၀၇၃.၆၂ | ၅၅% |
| ၁၆ | အခြားပဲ | US$ | ၀.၉၆ | ၀.၁၁ | ၀.၆၈ | - ၀.၅၇ | - ၈၄% |
| | | တန်ချိန် | ၁,၅၀၅.၈၃ | ၁၇၁.၅၂ | ၁,၁၇၆.၆ | - ၁,၀၀၅.၀၈ | - ၈၅% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ (၅)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ (၆)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၁၄။ ယခုအပတ် (၂၃-၆-၂၀၂၃ မှ ၃၀-၆-၂၀၂၃) တွင် **ပဲမျိုးစုံ**တင်ပို့မှုအနေဖြင့် တန်ချိန် (၂၉,၂၉၇) ၊ တန်ဖိုး ဒေါ်လာ (၂၄.၅၅) သန်း တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၈,၃၈၃)၊ တန်ဖိုး ဒေါ်လာ (၈) သန်းနီးပါး ပိုမိုတင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ မတ်ပဲတန်ချိန် (၇,၀၀၀) ကျော်၊ ပဲတီစိမ်းတန်ချိန် (၃,၀၀၀) ကျော်၊ ပဲစင်းငုံ တန်ချိန် (၆,၀၀၀) ခန့် တင်ပို့ခဲ့ပြီး နယ်စပ်မှ မတ်ပဲ (၁၅)တန်၊ ပဲတီစိမ်း တန်ချိန်(၅၀၀၀)ကျော်၊ မြေထောက်ပဲ တန်ချိန် (၁,၀၀၀) ကျော်၊ ပဲယင်းတန်ချိန် (၂,၀၀၀)ကျော် တင်ပို့ခဲ့ပါသည်။

၁၅။ ပြည်တွင်းပဲမျိုးစုံဈေးကွက်၌ ရန်ကုန်ဈေးကွက်တွင် မတ်ပဲ(FAQ/RC) တစ်တန်လျှင် (၂,၂၆၃,၀၀၀) ကျပ်ပေါက်ဈေးရှိပြီး တစ်တန်လျှင် (၆၆,၀၀၀) ကျပ် ကျဆင်းပြီး၊ မန္တလေးဈေး

ကွက်တွင် သုံးတင်းဝင် တစ်အိတ်လျှင် (၂၁၅,၀၀၀) မှ (၂၂၀,၀၀၀) ကျပ်ပေါက်ဈေးရှိကာ တစ်အိတ်လျှင် (၃,၀၀၀) ကျပ် ဈေးကျဆင်းနေကြောင်း သိရှိရပါသည်။ ပဲစဉ်းငုံနီ(RED/RC) မှာ ရန်ကုန်ဈေးကွက်တွင် တစ်တန်လျှင် (၃,၀၁၅,၀၀၀) ကျပ် ပေါက်ဈေးရှိပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက (၃၅,၀၀၀)ကျပ်ကျဆင်းသွားကြောင်း၊ မန္တလေးဈေးကွက်တွင် တစ်အိတ်လျှင် (၂၈၅,၀၀၀)ကျပ် ပေါက်ဈေးရှိပြီး (၁၀,၀၀၀) ကျပ် အသီးသီး ကျဆင်းသွားကြောင်းနှင့် နယ်ကုန်စည်ဒိုင်များတွင် တစ်တင်းလျှင် (၄၀၀၀) ကျပ် ဈေးကျဆင်းသွားခဲ့သည်။

ဇယား (၆)– ပဲမျိုးစုံပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၁,၂၄၈,၇၀၀ | ၁,၇၆၉,၄၀၀ | ၁,၆၇၀,၀၀၀ | ၁,၉၅၀,၇၀၀ | ၁,၂၀၂,၅၀၀ | ၁,၉၇၄,၀၀၀ | ၁,၀၆၀,၀၀၀ | ၂,၀၉၁,၃၀၀ |
| ဖေဖော်ဝါရီ | ၁,၂၆၈,၃၀၀ | ၁,၉၅၀,၇၀၀ | ၁,၄၆၀,၅၀၀ | ၂,၃၉၇,၅၀၀ | ၁,၁၁၀,၀၀၀ | ၂,၁၂၆,၅၀၀ | ၁,၄၁၀,၀၀၀ | ၂,၀၄၂,၃၀၀ |
| မတ် | ၁,၄၆၀,၀၀၀ | ၂,၀၆၄,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၂၉၆,၅၀၀ | ၁,၁၁၀,၀၀၀ | ၂,၁၁၅,၀၀၀ | ၁,၅၅၁,၄၀၀ | ၂,၂၄၇,၅၀၀ |
| ဧပြီ | ၁,၄၂၇,၃၀၀ | ၂,၁၁၈,၉၀၀ | ၁,၅၈၃,၀၀၀ | ၂,၂၉၆,၅၀၀ | ၁,၁၁၅,၀၀၀ | ၂,၁၇၀,၀၀၀ | ၁,၄၈၁,၉၀၀ | ၂,၃၄၈,၅၀၀ |
| မေ | ၁,၄၆၉,၇၀၀ | ၂,၁၁၇,၉၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၁၅၈,၇၅၀ | ၂,၇၁၀,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၅၅၃,၇၀၀ |
| ဇွန် | ၁,၅၈၃,၀၀၀ | ၂,၁၇၉,၁၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၁၁၀,၀၀၀ | ၃,၀၅၀,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၇၀၆,၈၀၀ |
| ဇူလိုင် | ၁,၆၂၂,၀၀၀ | | ၁,၆၈၄,၁၀၀ | | ၁,၄၄၇,၅၀၀ | | ၁,၆၅၄,၁၀၀ | |
| ဩဂုတ် | ၁,၈၉၀,၀၀၀ | | ၁,၇၁၆,၁၀၀ | | ၁,၉၄၀,၀၀၀ | | ၂,၂၂၃,၄၀၀ | |
| စက်တင်ဘာ | ၂,၀၁၆,၂၀၀ | | ၂,၁၁၄,၁၀၀ | | ၂,၁၁၀,၀၀၀ | | ၂,၁၄၃,၄၀၀ | |
| အောက်တိုဘာ | ၁,၈၁၂,၇၀၀ | | ၁,၉၉၀,၁၀၀ | | ၁,၉၄၀,၀၀၀ | | ၂,၀၉၁,၁၀၀ | |
| နိုဝင်ဘာ | ၁,၈၁၁,၂၀၀ | | ၁,၈၁၉,၂၀၀ | | ၁,၇၉၀,၀၀၀ | | ၂,၀၀၀,၀၀၀ | |
| ဒီဇင်ဘာ | ၁,၇၉၉,၀၀၀ | | ၁,၈၀၆,၂၀၀ | | ၁,၆၄၀,၀၀၀ | | ၂,၁၆၁,၁၀၀ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၇)– ပဲမျိုးစုံ FOB ပြည်တွင်းဈေးနှုန်းများ

ဒေါ်လာ/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၉၆၉ | ၇၉၀ | ၉၂၂ | ၈၉၀ | ၆၀၄ | ၈၈၀ | ၆၀၀ | ၈၂၅ |
| ဖေဖော်ဝါရီ | ၇၄၀ | ၈၇၅ | ၉၇၀ | ၁,၁၀၀ | ၆၅၅ | ၈၉၀ | ၈၂၅ | ၈၇၅ |
| မတ် | ၇၆၅ | ၉၁၅ | ၉၁၀ | ၁,၀၄၀ | ၇၄၅ | ၁,၀၁၅ | ၇၀၀ | ၉၀၀ |

ဒေါ်လာ/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဧပြီ | ၈၂၀ | ၉၅၀ | ၉၅၀ | ၁,၀၅၀ | ၇၇၀ | ၁,၀၅၀ | ၈၆၁ | ၉၂၅ |
| မေ | ၈၇၅ | ၉၄၀ | ၉၇၀ | ၁,၀၄၀ | ၇၄၀ | ၁,၀၈၀ | ၇၅၀ | ၉၅၀ |
| ဇွန် | ၉၀၅ | ၁,၀၀၀ | ၉၄၀ | ၁,၀၂၀ | ၇၆၀ | ၁,၂၆၀ | ၇၅၀ | ၁,၀၅၀ |
| ဇူလိုင် | ၉၂၅ | | ၉၇၅ | | ၈၂၀ | | ၇၅၀ | |
| ဩဂုတ် | ၉၄၅ | | ၈၉၅ | | ၁,၀၀၀ | | ၈၂၅ | |
| စက်တင်ဘာ | ၈၆၀ | | ၉၄၅ | | ၈၉၅ | | ၇၇၅ | |
| အောက်တိုဘာ | ၈၂၅ | | ၈၇၅ | | ၈၅၅ | | ၇၅၀ | |
| နိုဝင်ဘာ | ၈၁၅ | | ၈၂၅ | | ၈၁၀ | | ၇၂၅ | |
| ဒီဇင်ဘာ | ၈၀၅ | | ၈၇၀ | | ၇၅၀ | | ၇၀၀ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၈)- နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံ တရုတ်နယ်စပ်မျက်နှာစာဈေး

ဒေါ်လာ/တန်

| စဉ် | ပဲအမျိုးအစား | နှစ်အလိုက်ပျမ်းမျှဈေး | | | | | | လက်ရှိဈေး |
|---|---|---|---|---|---|---|---|---|
| | | ၂၀၂၀ | | ၂၀၂၁ | | ၂၀၂၂ | | ၃၀-၆-၂၀၂၃ |
| | | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | |
| ၁ | မတ်ပဲ | - | - | - | - | - | - | ၈၉၂ |
| ၂ | ပဲတီစိမ်း | ၈၁၇ | ၁၀၂၈ | ၆၉၃ | ၇၉၈ | ၆၅၀ | ၇၀၀ | ၈၂၂ |
| ၃ | ပဲပုတ် | ၄၇၆ | ၅၁၃ | ၄၈၃ | ၅၃၀ | ၄၈၅ | ၅၀၀ | ၉၀၆ |
| ၄ | ပဲလွန်းဖြူ | ၆၀၉ | ၆၆၀ | ၆၂၂ | ၄၆၀ | ၄၆၀ | ၆၂၈ | ၆၅၅ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပြောင်း

၁၆။ (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃ ထိ) ပြည်ပပို့ကုန်တင်ပို့မှုတွင် ပြောင်း တန်ဘိုးဒေါ်လာ (၁၇၉.၁၈) သန်း၊ တန်ချိန် (၅၈၀,၄၃၈.၆၆) ပါဝင်ခဲ့သည်ကိုတွေ့ရပြီး ယခုအပတ်အတွင်း ပြောင်းတင်ပို့မှုမှာ တန်ချိန် (၇၀,၂၁၉)၊ တန်ဖိုး ဒေါ်လာ (၂၁) သန်းကျော်ရှိခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၃၀,၄၇၅) ၊ တန်ဖိုး ဒေါ်လာ (၉) သန်းကျော် ပိုမိုတင်ပို့ခဲ့ပါသည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ထိုင်းသို့ တန်ချိန် (၂) သောင်းခွဲခန့်နှင့် နယ်စပ်တင်ပို့မှုတွင် လွယ်ဂျယ်၊ တာချီလိတ်၊ မြဝတီစခန်းများမှ တင်ပို့မှုပိုမိုခဲ့ပြီး၊ ယခုအပတ်အတွင်း ပြောင်းဈေး ဆက်တိုင်ကျဆင်းနေသဖြင့်

ပြည်ပတင်ပို့မှုလည်း လျော့နည်းနေကြောင်း သိရှိရပါသည်။ ထိုင်း နယ်စပ်မှ မြန်မာ့ပြောင်းအား နှစ်စဉ် ဖေ်ဖော်ဝါရီ (၁) ရက်မှ ဩဂုတ်လ (၃၁) ရက်ထိ (၇)လကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းပြီး ထိုင်းပြောင်းထွက်ရှိမည့် စက်တင်ဘာလ (၁) ရက်နောက်ပိုင်း အခွန် ၄၅% သတ်မှတ် ကောက်ခံသဖြင့် ထိုင်းနိုင်ငံသို့ အခွန်လွတ်စနစ်ဖြင့် တင်ပို့လျက်ရှိပါသည်။

ဇယား (၉)- ပြည်တွင်းပြောင်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၃၀-၆-၂၀၂၃) | ယခင်အပတ် (၂၃-၆-၂၀၂၃) |
|---|---|---|---|
| ၁ | ရန်ကုန် | ၇၄၇,၁၀၀ | ၇၅၃,၂၀၀ |
| ၂ | မန္တလေး | ၆၆၉,၃၀၀ | ၇၀၃,၀၀၀ |
| ၃ | ရှမ်း(တောင်) | ၆၇၃,၆၀၀ | ၆၆၁,၃၀၀ |
| ၄ | ရှမ်း (မြောက်) | ၆၃၆,၈၀၀ | ၆၃၆,၈၀၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၀)- နိုင်ငံအလိုက်ပြောင်းဈေးနှုန်းများ

**တန်ဘိုး- USD**

| စဉ် | နိုင်ငံ | ယခုအပတ် (၃၀-၆-၂၀၂၃) | ယခင်အပတ် (၂၃-၆-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | **USD** | **%** |
| ၁ | အိန္ဒိယ | ၂၅၀ | ၂၄၇ | ၃ | ၁.၃၇% |
| ၂ | တရုတ် | ၃၂၀ | ၃၃၀ | - ၁၀ | - ၃.၀၃% |
| ၃ | ပါကစ္စတန် | ၂၁၂ | ၂၁၅ | - ၃ | -၁.၆၀% |
| ၄ | ဂျပန် | ၂၈၇ | ၂၄၉ | ၃၈ | ၁၅.၂၆% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရာဘာစိမ်း

၁၇။ (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃ ထိ) ရာဘာစိမ်းတင်ပို့မှုအနေဖြင့် စုစုပေါင်းတန်ဘိုး ဒေါ်လာ (၅၃.၄၈) သန်း၊ တန်ချိန် (၄၃,၄၀၀.၉၄) ရှိပြီး ယခုအပတ်အတွင်း တင်ပို့မှုအနေဖြင့် တန်ချိန် (၂,၉၈၇)၊ တန်ဖိုး ဒေါ်လာ (၃.၆၃၆) သန်းကျော်ရှိခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၄၅၆) ပိုမိုတင်ပို့ခဲ့ပြီး၊ တန်ဖိုး ဒေါ်လာ (၀.၆၁၅) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ

တရုတ်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ကိုရီးယားနိုင်ငံများသို့တင်ပို့မှုရှိပြီး နယ်စပ်တင်ပို့မှုတွင် ချင်းရွှေဟော်စခန်းမှ စုစုပေါင်း ရာဘာတန်ချိန် (၁,၂၇၅) တင်ပို့ခဲ့ပါသည်။

ဇယား (၁၁)- ပြည်တွင်း ရာဘာဈေးနှုန်းများ

ကျပ်သိန်း/တန်

| စဉ် | လ | RSS-၃ (မော်လမြိုင်) | | RSS-၅ (မော်လမြိုင်) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၂၂.၆၉ | ၂၈.၄၃ | ၂၀.၄၉ | ၂၆.၂၂ |
| ၂ | ဖေဖော်ဝါရီ | ၂၄.၈၇ | ၂၉.၅၁ | ၂၂.၆၇ | ၂၇.၃၁ |
| ၃ | မတ် | ၂၆.၇၂ | ၂၉.၃၁ | ၂၄.၅၁ | ၂၇.၁ |
| ၄ | ဧပြီ | ၂၆.၈၁ | ၂၉.၀၉ | ၂၄.၅၇ | ၂၆.၈၈ |
| ၅ | မေ | ၂၃.၁၁ | ၃၀.၃၀ | ၂၀.၉၁ | ၂၈.၁၀ |
| ၆ | ဇွန် | ၂၅.၇၆ | ၃၁.၀၈ | ၂၃.၅၅ | ၂၈.၈၈ |
| ၇ | ဇူလိုင် | ၂၅.၆၉ | | ၂၃.၄၈ | |
| ၈ | ဩဂုတ် | ၃၀.၀၈ | | ၂၇.၆၄ | |
| ၉ | စက်တင်ဘာ | ၃၁.၆၂ | | ၂၉.၄၁ | |
| ၁၀ | အောက်တိုဘာ | ၃၂.၀၆ | | ၂၉.၈၆ | |
| ၁၁ | နိုဝင်ဘာ | ၂၆.၄၄ | | ၂၄.၉၇ | |
| ၁၂ | ဒီဇင်ဘာ | ၂၅.၈၉ | | ၂၃.၆၉ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၂)- ပြည်ပ ရာဘာဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လ | RSS-၃ (ထိုင်း) | | RSS-၅ (ထိုင်း) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၁,၉၅၆ | ၁,၇၂၁ | ၁,၉၉၃ | ၁,၇၃၉ |
| ၂ | ဖေဖော်ဝါရီ | ၂,၀၁၆ | ၁,၇၃၅ | ၁,၉၉၃ | ၁,၇၁၃ |
| ၃ | မတ် | ၂,၂၃၁ | ၁,၇၂၅ | ၂,၂၀၈ | ၁,၇၀၄ |
| ၄ | ဧပြီ | ၂,၃၃၈ | ၁,၇၄၇ | ၂,၃၂၃ | ၁,၇၂၄ |
| ၅ | မေ | ၂,၁၈၆ | ၁,၇၆၉ | ၂,၀၅၂ | ၁,၇၄၇ |
| ၆ | ဇွန် | ၂,၁၁၃ | ၁,၆၉၆ | ၂,၀၉၁ | ၁,၆၇၅ |
| ၇ | ဇူလိုင် | ၁,၈၈၂ | | ၁,၈၆၁ | |
| ၈ | ဩဂုတ် | ၁,၇၁၅ | | ၁,၆၉၄ | |
| ၉ | စက်တင်ဘာ | ၁,၅၇၈ | | ၁,၅၅၇ | |
| ၁၀ | အောက်တိုဘာ | ၁,၆၂၆ | | ၁,၆၀၆ | |
| ၁၁ | နိုဝင်ဘာ | ၁,၅၅၄ | | ၁,၅၃၃ | |
| ၁၂ | ဒီဇင်ဘာ | ၁,၆၂၉ | | ၁,၆၀၂ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## နှမ်း

၁၈။ (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃ ထိ) တွင် ပြည်ပသို့ ဆီထွက်သီးနှံ နှမ်းတင်ပို့မှုအနေဖြင့် တန်ဘိုး ဒေါ်လာ (၂၀.၆၇)သန်း၊ တန်ချိန် (၁၃,၈၄၆.၄၇) သန်း တင်ပို့ခဲ့ပါသည်။ ယခုအပတ်တွင် နှမ်းတင်ပို့မှုအနေဖြင့် (၉၄၄) တန်၊ တန်ဖိုးဒေါ်လာ(၁.၆၂၈) သန်းရှိပြီး၊ နယ်စပ်မှ မူဆယ်နှင့် ချင်းရွှေဟော်စခန်းတို့မှ တင်ပို့မှုပိုမိုခဲ့သော်လည်း ပင်လယ်ရေကြောင်းမှ တရုတ်နှင့် ထိုင်ဝမ်တို့သို့ လျော့နည်းတင်ပို့ခဲ့ပါသည်။

ဇယား (၁၃)- ပြည်တွင်းနှမ်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၃၀-၆-၂၀၂၃) | ယခင်အပတ် (၂၃-၆-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | ကျပ်/တန် | % |
| ၁ | **နှမ်းနက်** | | | | |
| | မန္တလေး | ၄,၆၉၅,၀၀၀ | ၄,၇၂၀,၀၀၀ | - ၂၅,၀၀၀ | - ၀.၅၃% |
| | မကွေး | ၄,၃၅၄,၀၀၀ | ၄,၃၅၄,၀၀၀ | | |
| ၂ | **နှမ်းဖြူ** | | | | |
| | မန္တလေး | ၄,၆၉၀,၀၀၀ | ၄,၅၉၀,၀၀၀ | ၁၀၀,၀၀၀ | ၂.၁၃% |
| | မကွေး | ၄,၆၅၀,၀၀၀ | ၄,၆၅၀,၀၀၀ | | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၄)- နိုင်ငံအလိုက်နှမ်းဈေးနှုန်းများ

USD/ တန်

| စဉ် | နိုင်ငံ | ယခုအပတ် (၃၀-၆-၂၀၂၃) | ယခင်အပတ် (၂၃-၆-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | **နှမ်းနက်** | | | | |
| | အိန္ဒိယ | ၁,၈၂၆ | ၁,၇၄၁ | ၈၅ | ၄.၈၇% |
| | တရုတ် | ၁,၉၆၀ | ၁,၉၁၀ | ၅၀ | ၂.၆၂% |
| ၂ | **နှမ်းဖြူ** | | | | |
| | အိန္ဒိယ | ၁,၇၈၃ | ၁,၆၈၃ | ၁၀၀ | ၅.၉၄% |
| | တရုတ် | ၂,၀၅၀ | ၂,၀၅၅ | - ၅ | - ၀.၂၄% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

၁၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှရရှိ

သည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၁၅,၆၀၆.၄၃) ၊ တန်ဖိုးဒေါ်လာ (၁၉.၀၉) သန်း၊ ပုဇွန်မှာ တန်ချိန် (၆၁၇.၇၁)၊ တန်ဖိုး ဒေါ်လာ (၂.၄၄) သန်းနှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၁,၉၀၆.၈၇)၊ တန်ဖိုးဒေါ်လာ (၂၄.၈၇) သန်း ရရှိခဲ့သည်ကို သိရှိရပါသည်။ ဇယား (၁၅)

၂၀။ ယခင်နှစ်အလားတူကာလ ၂၀၂၂-၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန်အားဖြင့် (၁,၉၇၈.၈၂) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၂.၉၃) သန်း၊ ပုဇွန်မှာ တန်ချိန် (၁,၀၂၉.၁၈)၊ တန်ဖိုးဒေါ်လာ (၃.၅၅) သန်း လျော့နည်းတင်ပို့ခဲ့ပါသည်။ အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၂,၇၄၅.၁၉)၊ တန်ဖိုးဒေါ်လာ (၁.၃၁) သန်း ပိုမိုတင်ပို့ခဲ့ကြောင်း ဖော်ပြပါဇယားအရ သိရှိရပါသည်။ ဇယား (၁၅)

ဇယား (၁၅) – ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်– မက်ထရစ်တန်(ရှိးရှိး)
တန်ဘိုး–အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | **၈,၇၂၂.၄၇** | **၁၁.၉၈** | **၅၃၄.၀၉** | **၂.၀၂** | **၅,၆၀၇.၂၂** | **၁၂.၆၉** | **၁၄,၈၆၃.၇၈** | **၂၆.၆၉** |
| | (က) ပုဂ္ဂလိက ကုမ္ပဏီများ | ၈,၇၂၂.၄၇ | ၁၁.၉၈ | ၅၃၄.၀၉ | ၂.၀၂ | ၅,၆၀၇.၂၂ | ၁၂.၆၉ | ၁၄,၈၆၃.၇၈ | ၂၆.၆၉ |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | **၆,၈၈၃.၉၆** | **၇.၁၂** | **၈၃.၆၃** | **၀.၄၂** | **၆,၂၉၉.၆၄** | **၁၂.၁၇** | **၁၃,၂၆၇.၂၃** | **၁၉.၇** |
| | (က) မြဝတီ | ၁၆၈.၈၃ | ၀.၁၈ | ၁. | ၀.၀၁ | ၅၄.၂၁ | ၀.၁၉ | **၂၂၄.၀၂** | **၀.၃၈** |
| | ( ခ ) ကော့သောင်း | ၆,၄၂၈.၆၉ | ၆.၅၄ | ၅၁.၀၉ | ၀.၂၉ | ၃၅၀.၆၇ | ၀.၈၃ | **၆,၈၃၀.၄၅** | **၇.၆၆** |
| | ( ဂ ) စစ်တွေ | ၀. | ၀. | ၀ | ၀. | ၀ | ၀. | **၀.** | **၀.** |
| | (ဃ) မြိတ် | ၀. | ၀. | ၀. | ၀. | ၀. | ၀.၀၀ | **၀.** | **၀.** |
| | ( င ) မူဆယ် | ၃၅.၉၅ | ၀.၁၄ | ၃၁.၅၄ | ၀.၁၂ | ၅,၃၂၅.၈၁ | ၁၀.၃၁ | **၅,၃၉၃.၃၁** | **၁၀.၅၇** |
| | ( စ ) မောင်တော | ၂.၅၀ | ၀.၀၁ | ၀ | ၀ | ၄.၅၀ | ၀.၀၁ | **၇.၀၀** | **၀.၀၂** |
| | (ဆ) မောတောင် | ၂၄၈.၀၀ | ၀.၂၅ | ၀. | ၀. | ၃၆၂.၄၅ | ၀.၇၄ | **၆၁၀.၄၅** | **၀.၉၉** |
| | (ဇ)ကျိုင်းလတ် | ၀. | ၀. | ၀. | ၀. | ၂၀၂.၀၀ | ၀.၀၉ | **၂၀၂.၀၀** | **၀.၀၉** |
| ၂၀၂၃-၂၀၂၄ ခုနှစ် ဇွန်လ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၁၅,၆၀၆.၄၃ | ၁၉.၀၉ | ၆၁၇.၇၁ | ၂.၄၄ | ၁၁,၉၀၆.၈၇ | ၂၄.၈၇ | ၂၈,၁၃၁.၀၁ | ၄၆.၄ |
| ၂၀၂၂-၂၀၂၃ ခုနှစ် ဇွန်လ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၁၇,၅၈၅.၂၅ | ၂၂.၀၂ | ၁,၆၄၆.၈၉ | ၅.၉၉ | ၉,၁၆၁.၆၈ | ၂၃.၅၆ | ၂၈,၃၉၃.၈၂ | ၅၁.၅၇ |
| ခြားနားချက် | | - ၁,၉၇၈.၈၂ | - ၂.၉၃ | - ၁,၀၂၉.၁၈ | - ၃.၅၅ | ၂,၇၄၅.၁၉ | ၁.၃၁ | - ၂၆၂.၈၁ | - ၅.၁၇ |

ရင်းမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## (၅) နှစ်တာကာလအတွင်း ပြည်ပမှ သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၁။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၈,၆၈၁.၈၄) သန်းရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ (၁၇,၃၅၂.၇၂) သန်းရှိခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၁,၃၂၉.၁၂) သန်း (၇%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(နောက်ဆက်တွဲဇယား-ဂ)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဇွန်လ (၃၀) ရက်ထိ သွင်းကုန် တင်သွင်းမှုအခြေအနေ

၂၂။ အစီရင်ခံကာလအတွင်း သွင်းကုန်စုစုပေါင်း အမေရိကန် ဒေါ်လာ (၄,၆၆၈.၉၁) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၁,၀၁၇.၅၁) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၂,၂၄၄.၇၈) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၇၂၀.၉၂) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၆၈၅.၇၀) သန်းပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-ဂ)

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၃။ (၁-၄-၂၀၂၃) မှ (၃၀-၆-၂၀၂၃) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ**၏ တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၁၃၇,၀၃၀) ၊ တန်ဖိုးဒေါ်လာ (၁၄၂.၅၃) သန်း၊ **ဓာတ်မြေသြဇာ** တန်ချိန် (၃၅၆,၇၇၃) ၊ တန်ဖိုး ဒေါ်လာ (၁၄၅.၆၃) သန်း၊ **ဂျုံစေ့** တန်ချိန် (၈၇,၈၃၄) ၊ တန်ဖိုး ဒေါ်လာ (၃၉.၁၄) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၁၂၂) ၊ တန်ဖိုး ဒေါ်လာ (၀.၀၈) သန်း ပါရှိခဲ့ပါသည်။ (ဇယား -၁၆၊ ပုံ-၇၊ ၈)

၂၄။ အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၄,၆၉၆) ၊ တန်ဖိုးဒေါ်လာ (၆.၇၅) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၄,၆၈၇)၊ တန်ဖိုးဒေါ်လာ (၇.၀၂) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၂,၄၁၁)၊ တန်ဖိုးဒေါ်လာ (၇.၄၁)သန်းစီ ပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၁၆)


၂၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဇွန်လ(၃၀) ရက်ထိ **မြေသြဇာတင်သွင်းမှု**တွင် စုစုပေါင်းတန်ချိန် (၃၆၈,၁၁၃) တင်သွင်းခဲ့ပါသည်။ အဆိုပါ တင်သွင်းမှုတွင် နိုင်ထရိုဂျင် (၁၉၉,၁၀၅) တန်၊ ဖော့စဖိတ် (၁၇,၆၁၈) တန်၊ ပိုတက်စီယမ် (၁၁,၁၀၈) တန်၊ ကွန်ပေါင်း (၁၃၄,၀၃၄)တန်၊ ဖော်လာ (၁၇၇) တန်၊ အော်ဂဲနစ်(၉၈၂) တန်၊ ဂျစ်ပဆန်(၅၈၀) တန်နှင့် အခြားမြေသြဇာ စုစုပေါင်း (၄,၅၀၉) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲ ဇယား-ဃ)

## ဇယား (၁၆) အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက်မှ ဇွန်လ ၃၀ ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ၂၀၂၃-၂၀၂၄ ယခုနှစ် | ၂၀၂၂-၂၀၂၃ ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | US$ | ၄,၆၆၈.၉၀ | ၄,၂၄၃.၈၂ | ၄၂၅.၀၈ | ၁၀% |
| ၁ | ဒီဇယ် | US$ | ၈၅၈.၅၈ | ၅၁၀.၄၄ | ၃၄၈.၁၄ | ၆၈% |
| | | တန် | ၁,၀၅၆,၅၁၁ | ၄၄၉,၅၁၈ | ၆၀၆,၉၉၃ | ၁၃၅% |
| ၂ | ဓါတ်ဆီ | US$ | ၅၂၁.၄၂ | ၄၄၄.၄၁ | ၇၇.၀၁ | ၁၇% |
| | | တန် | ၅၅၂,၀၅၆ | ၃၄၅,၂၈၀ | ၂၀၆,၇၇၆ | ၆၀% |
| ၃ | စားအုန်းဆီ | US$ | ၁၄၂.၅၃ | ၁၉၅.၈၉ | - ၅၃.၃၆ | - ၂၇% |
| | | တန် | ၁၃၇,၀၃၀ | ၁၁၂,၃၀၅ | ၂၄,၇၂၅ | ၂၂% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၈၆.၁၄ | ၅၇.၆၃ | ၂၈.၅၁ | ၄၉% |
| | | စီး | ၂,၄၀၄ | ၁,၀၇၃ | ၁,၃၃၁ | ၁၂၄% |
| | လူစီးယာဉ် | US$ | ၉.၀၃ | ၂.၄၉ | ၆.၅၄ | ၂၆၃% |
| | | စီး | ၃၆၄ | ၁၁၀ | ၂၅၄ | ၂၃၁% |
| | ဘတ်စ် | US$ | ၀.၁၃ | ၁.၅၅ | - ၁.၄၂ | - ၉၂% |
| | | စီး | ၅ | ၉၆ | - ၉၁.၀၀ | - ၉၅% |
| | ထရပ် | US$ | ၅.၆ | ၄.၂၄ | ၁.၃၆ | ၃၂% |
| | | စီး | ၃၂၈ | ၃၃၈ | - ၁၀.၀၀ | - ၃% |
| | ယန္တယား | US$ | ၅၀.၁၃ | ၃၂.၉၅ | ၁၇.၁၈ | ၅၂% |
| | | စီး | ၁,၇၀၇ | ၅၂၉ | ၁,၁၇၈.၀၀ | ၂၂၃% |
| | ယာဉ်အပိုပစ္စည်း | US$ | ၂၁.၂၅ | ၁၆.၄ | ၄.၈၅ | ၃၀% |
| ၅ | ဘိလပ်မြေ | US$ | ၆.၄၈ | ၁၁.၅၅ | - ၅.၀၇ | - ၄၄% |
| | | တန် | ၇၅,၇၆၂ | ၁၃၇,၀၆၀ | - ၆၁,၂၉၈ | - ၄၅% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၁၄၅.၆၃ | ၁၃၁.၂၈ | ၁၄.၃၅ | ၁၁% |
| | | တန် | ၃၅၆,၇၇၃ | ၂၃၂,၁၅၃ | ၁၂၄,၆၁၉ | ၅၄% |
| ၇ | ဂျုံစေ့ | US$ | ၃၉.၁၄ | ၈.၅၅ | ၃၀.၅၉ | ၃၅၈% |
| | | တန် | ၈၇,၈၃၄ | ၁၉,၂၅၀ | ၆၈,၅၈၄ | ၃၅၆% |
| ၈ | ဂျုံမှုန့် | US$ | ၀.၀၈ | ၁.၂၁ | - ၁.၁၃ | - ၉၃% |
| | | တန် | ၁၂၂ | ၂,၄၆၇ | - ၂,၃၄၅ | - ၉၅% |
| ၉ | နို့ဆီ | US$ | ၆.၇၅ | ၆.၄၅ | ၀.၃၀ | ၅% |
| | | တန် | ၄,၆၉၆ | ၄,၇၃၅ | - ၃၉.၀၀ | - ၁% |
| ၁၀ | နို့စိမ်း | US$ | ၇.၀၂ | ၈.၃၇ | - ၁.၃၅ | - ၁၆% |
| | | တန် | ၄,၆၈၇ | ၅,၉၁၉ | - ၁,၂၃၂.၀၀ | - ၂၁% |
| ၁၁ | နို့မှုန့် | US$ | ၇.၄၁ | ၅.၉၈ | ၁.၄၃ | ၂၄% |
| | | တန် | ၂,၄၁၁ | ၂,၀၆၄ | ၃၄၇.၀၀ | ၁၇% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၇)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၈)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်-တန်ချိန်

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၆။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (၁-၄-၂၀၂၃) မှ (၃၀-၆-၂၀၂၃)ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၄,၆၆၈.၉၁) သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၄၂၄၃.၈၂)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၄၂၅.၀၈) (၁၀%) တိုးမြင့် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

၂၇။ ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၂,၂၄၄.၇၈) သန်းဖြင့် အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၁,၀၁၇.၅၁) သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ် အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၁,၇၉၉.၄၀) ဖြင့် အများဆုံး၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၈၇၅.၁၅)သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

ဇယား (၁၇)- ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန် အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၃၀-၆-၂၀၂၂)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း | ၂၆၀.၂၀ | ၇၅၇.၃၄ | ၁,၀၁၇.၅၁ | ၁၄၉.၈၁ | ၆၅၃.၂၉ | ၈၀၃.၁၁ | ၁၁၀.၃၆ | ၁၀၄.၀၅ | ၂၁၄.၄ | ၂၇% |
| ၂ | လုပ်ငန်းသုံးကုန် ကြမ်းပစ္စည်း | ၃၇.၆၆ | ၂,၂၀၇.၁၁ | ၂,၂၄၄.၇၈ | ၄၀.၇၈ | ၁,၇၅၈.၆၂ | ၁,၇၉၉.၄ | - ၃.၁၂၀ | ၄၄၈.၄၉ | ၄၄၅.၃၈ | ၂၅% |
| ၃ | လူသုံးကုန် ပစ္စည်း | ၁၅.၇၇ | ၇၀၅.၁၅ | ၇၂၀.၉၂ | ၈၄.၁၀ | ၇၉၁.၀၄ | ၈၇၅.၁၅ | - ၆၈.၃၃ | - ၈၅.၈၉ | - ၁၅၄.၂၃ | - ၁၈% |
| ၄ | CMP | | ၆၈၅.၇၀ | ၆၈၅.၇ | | ၇၆၆.၁၇ | ၇၆၆.၁၇ | ၀ | - ၈၀.၄၇ | - ၈၀.၄၇ | - ၁၁% |
| | **စုစုပေါင်း** | ၃၁၃.၆၀ | ၄,၃၅၅.၃၀ | ၄,၆၆၈.၉၀ | ၂၇၄.၇၀ | ၃,၉၆၉.၁၀ | ၄,၂၄၃.၈၀ | ၃၈.၉၀ | ၃၈၆.၁၇ | ၄၂၅.၀၈ | ၁၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၈။ လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၂၄,၇၂၅) ပိုမိုတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၅၃.၃၆)သန်း လျော့နည်းခဲ့သည်။ **ဓာတ်မြေဩဇာ**မှာ တန်ချိန်အားဖြင့် (၁၂၄,၆၁၉)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁၄.၃၅) သန်းနှင့် **ဂျုံစေ့**မှာ တန်ချိန် (၆၈,၅၈၄)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၃၀.၅၉) သန်းစီ ပိုမိုတင် သွင်းခဲ့သည်ကို တွေ့ရပြီး၊ အခြားကုန်စည်များဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၂,၃၄၅) တန်၊ တန်ဖိုး အားဖြင့် ဒေါ်လာ (၁.၁၃) သန်း လျော့နည်းတင်သွင်းခဲ့သည်။ (ဇယား -၁၆)

## သုံးသပ်ချက်

၂၉။ (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃) ထိ ပို့ကုန်တင်ပို့မှု စုစုပေါင်း ဒေါ်လာ (၃,၃၂၆.၈၁) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၈၆၂.၄၁) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၁.၆၈) သန်း၊ ရေထွက် ဒေါ်လာ(၁၁၅.၂၄) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၇၂.၇၉)သန်း၊ သစ်တောထွက် ဒေါ်လာ(၁၈.၆၂)သန်း၊ စက်မှုကုန်ချော ဒေါ်လာ (၂,၁၇၆.၅၂) သန်းနှင့် အခြား ဒေါ်လာ (၇၉.၅၄) သန်း ပါဝင်ခဲ့သည်ကိုတွေ့ရှိရပြီး ယခင်နှစ်အလားတူကာလထက် လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၂၂၉.၁၄) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၈.၂၃) သန်း၊ ရေထွက် ဒေါ်လာ(၂၀.၃၆) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၂၇.၄၉) သန်း၊ သစ်တောထွက် ဒေါ်လာ(၁၇.၇၂)သန်း၊ စက်မှုကုန်ချော ဒေါ်လာ(၅၁၀.၁၁) သန်းနှင့် အခြားပို့ကုန်တင်ပို့မှုတွင် ဒေါ်လာ (၃၃.၉၁) သန်း အသီးသီးလျော့ နည်းတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ (နောက်ဆက်တွဲဇယား-က)

၃၀။ (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃) ထိ ပို့ကုန်တင်ပို့စုစုပေါင်းတွင် လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှာ ဒေါ်လာ (၈၆၂.၄၁) သန်း ပါဝင်ခဲ့ပြီး-

(က) **ဆန်နှင့် ဆန်ကွဲ**တင်ပို့မှု တန်ချိန်(၂၆၈,၄၆၇.၃၅) ၊ တန်ဖိုး ဒေါ်လာ(၁၁၄.၉၇) သန်းတွင် ဆန်တန်ချိန် (၁၁၉,၀၂၇.၇၅)နှင့် ဆန်ကွဲတန်ချိန် (၁၄၉,၄၃၉.၆၀) တင်ပို့ခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် **ဆန်** တန်ချိန် (၂၅၁,၉၅၆.၀၅) **နှင့် ဆန်ကွဲ** တန်ချိန် (၉၈,၂၅၂.၂၅) **စီ** လျော့နည်းတင်ပို့ခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် ယခင်နှစ် အလားတူကာလထက် ဆန်နှင့်ဆန်ကွဲ တန်ချိန် (၃၅၀,၂၀၈.၃၀) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ခ) **ပဲအမျိုးမျိုး**တွင် တန်ချိန် (၄၂၄,၁၈၇.၇၁) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၆၃,၀၇၃.၈၈)လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ဂ) **ပြောင်း**တွင် တန်ချိန် (၅၈၀,၄၃၈.၆၆) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၀,၁၉၆.၉၆) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ဃ) **နှမ်း**တွင် တန်ချိန် (၁၃,၈၄၆.၄၇) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၈,၀၀၂.၀၈) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(င) **ရော်ဘာစိမ်း**တွင် တန်ချိန် (၄၃,၄၀၀.၉၄) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၂၅,၂၆၄.၅၁) လျော့နည်းတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။(ဇယား- ၂)

၃၁။ **သွင်းကုန်တင်သွင်းမှု**အနေဖြင့် ၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃ ထိ စုစုပေါင်းဒေါ်လာ (၄,၆၆၈.၉၁) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၄၂၅.၀၈) သန်း တိုးမြင့်တင်သွင်းခဲ့သည်ကိုတွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ်ကာလတူထက် တန်ချိန် (၂၄,၇၂၅) ပိုမိုခဲ့ပြီး၊ တန်ဖိုးအားဖြင့် ဒေါ်လာ(၅၃.၃၆)သန်း လျော့နည်းတင်သွင်းခဲ့ကြောင်းနှင့် **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၁၂၄,၆၂၀)၊ တန်ဖိုး ဒေါ်လာအားဖြင့် (၁၄.၃၅) သန်း တိုးမြင့်တင်သွင်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ နောက်ဆက်တွဲဇယား(ဃ)- ဇယား(၁၇)

၃၂။ **ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ငါး၊ ပုဇွန်နှင့် အခြားရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၂၈,၁၃၁.၀၁)၊ တန်ဖိုး ဒေါ်လာ (၄၆.၄၁) သန်းနှင့် ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၂၈,၃၉၃.၈၂) ၊ တန်ဖိုး ဒေါ်လာ(၅၁.၅၇) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် (၂၆၂.၈၁)နှင့် တန်ဖိုးအားဖြင့်(၅.၁၇) သန်း လျော့နည်းတင်ပို့ခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၅)

**နိဂုံး**

၃၃။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေ၊ တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေ နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများအား သိရှိနိုင်ပါရန် သုံးသပ်ချက်နှင့်တကွ ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

နောက်ဆက်တွဲဇယား-က

## ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

## ၂၀၁၈ -၂၀၁၉ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃ ထိ)

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (ပြေးမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြေးမှ မတ်) | ၂၀၂၀-၂၀၂၁ (ပြေး မှ မတ်) | ၂၀၂၁-၂၂ (ပြေး မှ မတ်) | ၂၀၂၂-၂၃ (ပြေး မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃) မှ (၃၀-၆-၂၀၂၃)ထိ |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂,၉၈၆.၉၈ | ၃,၆၄၆.၇၉ | ၄,၅၆၀.၄၁ | ၄,၁၀၂.၆၉ | ၃,၉၉၉.၀၂ | **၈၆၂.၄၀** |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၄၅၃.၇၁ | ၄၂၀.၈၁ | ၆၉.၄၂ | ၈.၀၄ | ၂၀.၅၀ | **၁.၆၈** |
| ၃ | ရေထွက်ပစ္စည်း | ၇၃၀.၉၈ | ၁၂၂၈.၈၅ | ၈၀၄.၄၃ | ၈၂၄.၃၀ | ၇၆၅.၉၅ | **၁၁၅.၂၄** |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁,၅၉၇.၆၀ | ၂,၅၈၈.၅၉ | ၁,၂၈၀.၈၂ | ၆၄၆.၅၆ | ၃၃၇.၀၆ | **၇၂.၇၉** |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၈၅.၉၆ | ၂၆၅.၄၄ | ၁၂၈.၆၀ | ၁၄၆.၉၉ | ၁၃၉.၃၆ | **၁၈.၆၂** |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၉,၃၉၈.၂၄ | ၁၅,၄၉၀.၂၃ | ၈,၇၇၆.၆၆ | ၈,၅၆၀.၂၂ | ၁၀,၉၄၀.၄၉ | **၂,၁၇၆.၅၂** |
| ၇ | အခြားပစ္စည်း | ၁,၈၀၀.၉၃ | ၉၈၉.၅၃ | ၉၆၃.၃၁ | ၇၃၇.၁၀ | ၄၁၇.၈၁ | **၇၉.၅၄** |
| **စုစုပေါင်း** | | **၁၇,၁၅၄.၄၀** | **၂၄,၆၃၀.၂၄** | **၁၆,၅၈၃.၆၆** | **၁၅,၀၂၅.၉၀** | **၁၆,၆၂၀.၁၈** | **၃,၃၂၆.၈၁** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန )မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ခ

## လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တန်ဖိုးအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုး အမည် | တန်ချိန်/ တန်ဘိုး | ၂၀၁၈-၂၀၁၉ (ပြေီမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြေီမှ မတ်) | ၂၀၂၀-၂၀၂၁ (ပြေီ မှ မတ်) | ၂၀၂၁-၂၂ (ပြေီ မှ မတ်) | ၂၀၂၂-၂၃ (ပြေီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃ ) မှ (၃၀-၆-၂၀၂၃) ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ ဆန်ကွဲ | US$ | ၇၇၈.၉၉၉ | ၈၀၃.၂၇ | ၇၄၁.၁၆ | ၇၁၅.၉၈ | ၈၂၁.၃၁ | **၁၁၄.၉၇** |
| | | မတန် | ၂,၃၈၁,၇၅၅.၉၈ | ၂,၇၆၄,၇၄၄.၅၄ | ၂,၀၄၉,၀၃၇.၉၆ | ၂,၁၃၂,၂၃၂.၈၅ | ၂,၁၉၇,၅၁၀.၇၉ | **၂၆၈,၄၆၇.၃၅** |
| | ဆန် | US$ | ၆၄၈.၇၂ | ၅၈၁.၄၀ | ၄၅၆.၈ | ၄၅၉.၈၈ | ၅၁၈.၀၅ | ၅၆.၆၆ |
| | | မတန် | ၁,၉၂၉,၈၄၂.၂၆ | ၁,၉၀၈,၁၆၃.၇၂ | ၁,၁၆၁,၅၂၉.၃၅ | ၁,၃၀၄,၅၀၆.၉၀ | ၁,၃၂၇,၉၇၅.၈၃ | ၁၁၉,၀၂၇.၇၅ |
| | ဆန်ကွဲ | US$ | ၁၃၀.၂၇၆ | ၂၂၁.၈၆ | ၂၈၄.၃၇ | ၂၅၆.၀၈ | ၃၀၃.၂၅၃ | ၅၈.၃၁ |
| | | မတန် | ၄၅၁,၉၁၃.၇၂ | ၈၅၆,၅၈၀.၈၂ | ၈၈၇,၅၀၈.၆၁ | ၈၂၇,၇၂၅.၉၅ | ၈၆၉,၅၃၄.၉၆ | ၁၄၉,၄၃၉.၆၀ |
| ၂ | ပဲအမျိုးမျိုး | US$ | ၉၀၅.၁၅ | ၁၁၃၂.၀၅ | ၁၃၈၈.၅၅ | ၁၅၉၅.၃၁ | ၁၄၇၀.၆၆ | **၃၃၃.၄၆** |
| | | မတန် | ၁,၆၄၇,၆၇၈.၃၄ | ၁,၆၀၈,၆၃၃.၈၅ | ၁,၇၅၇,၀၂၅.၁၄ | ၂,၁၄၆,၅၆၇.၂၈ | ၁,၉၁၉,၁၅၆.၁၀ | **၄၂၄,၁၈၇.၇၁** |
| | မတ်ပဲ | US$ | ၃၀၂.၉၁ | ၄၁၀.၆၆ | ၃၈၆.၅၉ | ၆၀၆.၉၉ | ၅၃၁.၈ | ၁၁၇.၆၄ |
| | | မတန် | ၆၈၈,၂၅၀.၃၀ | ၆၁၃,၈၉၇.၃၂ | ၄၈၇,၉၂၆.၀၁ | ၈၀၁,၆၃၃.၂၃ | ၆၄၉,၉၄၀.၂၃ | ၁၄၀,၂၁၁.၇၃ |
| | ပဲတီစိမ်း | US$ | ၃၀၀.၉၈ | ၃၆၀.၇၉ | ၄၈၆.၀၂ | ၅၅၅.၁၃ | ၄၈၉.၀၉ | ၁၀၃.၄ |
| | | မတန် | ၄၁၄,၀၁၂.၀၈ | ၄၈၀,၇၂၆.၈၅ | ၆၁၁,၁၂၄.၆၀ | ၇၃၄,၁၃၇.၀၆ | ၆၉၁,၃၉၉.၂၉ | ၁၅၆,၉၁၇.၃၆ |
| | ပဲစဉ်းငုံ | US$ | ၇၈.၀၅ | ၉၃.၂၈ | ၇၆.၃၆ | ၁၆၃.၆၉ | ၁၈၇.၃၉ | ၄၂.၇၂ |
| | | မတန် | ၂၁၀,၃၃၈.၁၀ | ၁၅၈,၂၇၁.၂၇ | ၁၁၄,၅၈၁.၃၇ | ၂၄၄,၉၀၇.၄၈ | ၂၃၉,၅၃၇.၇၃ | ၅၁,၁၂၇.၀၃ |
| | မြေပဲဆံ | US$ | ၇၁.၂၉ | ၁၀၉.၇၄ | ၂၁၄.၇၁ | ၇၆.၅၄ | ၄၀.၁၆ | ၁၃.၃၈၈ |
| | | မတန် | ၆၁,၈၉၁.၅၉ | ၈၂,၇၄၀.၃၆ | ၁၇၀,၃၇၉.၅၁ | ၇၈,၃၄၇.၄၅ | ၃၂,၀၄၆.၁၇ | ၈၆၇၆.၅၂၂ |
| ၃ | နှမ်း | US$ | ၁၅၀.၇ | ၂၂၈.၂၄ | ၄၁၄.၉၉ | ၂၄၈.၇ | ၁၃၂.၅၇ | **၂၀.၆၇** |
| | | မတန် | ၁၀၀,၇၀၄.၃၅ | ၁၃၂,၇၈၄.၇၀ | ၂၉၇,၇၉၅.၄၂ | ၁၉၇,၁၁၇.၁၄ | ၁၀၀,၀၆၅.၀၉ | **၁၃,၈၄၆.၄၇** |
| ၄ | ပြောင်း | US$ | ၂၁၉.၈၉ | ၃၆၈.၅၅ | ၄၇၂.၈၈ | ၅၇၃.၀၈ | ၅၉၃.၀၄ | **၁၇၉.၁၈** |
| | | မတန် | ၁,၀၆၀,၂၁၈.၆၂ | ၂,၁၉၁,၃၂၅.၂၄ | ၂,၆၀၇,၄၇၆.၁၇ | ၂,၄၁၄,၆၆၅.၀၅ | ၁,၉၂၁,၇၁၅.၁၈ | **၅၈၀,၄၃၈.၆၆** |
| ၅ | ရာဘာ | US$ | ၂၃၉.၈၂ | ၂၁၈.၄၉ | ၄၁၀.၂၆ | ၄၅၈.၅ | ၃၂၂.၁၉ | **၅၃.၄၈** |
| | | မတန် | ၁၉၁,၆၅၀.၀၄ | ၁၈၄,၈၄၀.၄၅ | ၂၈၈,၂၇၅.၅၅ | ၃၁၅,၀၂၀.၈၁ | ၂၃၉,၁၉၄.၆၅ | **၄၃,၄၀၀.၉၄** |
| ၆ | အခြား | US$ | ၆၉၂.၄၂ | ၈၇၆.၂၀ | ၁,၁၃၂.၅၈ | ၅၁၂.၄ | ၆၅၉.၂၅ | **၁၆၀.၆၅** |
| | **စုစုပေါင်း** | US$ | **၂,၉၈၆.၉၈** | **၃,၆၄၆.၇၉** | **၄,၅၆၀.၄၁** | **၄,၁၀၃.၉၂** | **၃,၉၉၉.၀၂** | **၈၆၂.၄၁** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဂ

## ဘဏ္ဍာနှစ်အလိုက် သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၈-၁၉ (ပြေီမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြေီမှ မတ်) | ၂၀၂၀-၂၁ (ပြေီမှ မတ်) | ၂၀၂၁-၂၀၂၂ (ပြေီမှ မတ်) | ၂၀၂၂-၂၀၂၃ (ပြေီမှ မတ်) | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၃၀-၆-၂၀၂၃)ထိ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| (က) | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၆,၂၄၉.၄၁ | ၇,၂၆၁.၇၈ | ၅,၉၀၀.၄၀ | ၃,၃၃၄.၅၇ | ၃,၇၃၂.၄၇ | ၂၆၀.၂၀ | ၇၅၇.၃၄ | ၁,၀၁၇.၅၁ |
| (ခ) | လုပ်ငန်းသုံး ကုန်ပစ္စည်းများ | ၇,၄၆၄.၈၅ | ၇,၆၁၇.၆၂ | ၅,၅၁၁.၁၇ | ၆,၀၇၅.၂၀ | ၈,၉၅၃.၁၁ | ၃၇.၆၆ | ၂,၂၀၇.၁၁ | ၂,၂၄၄.၇၈ |
| (ဂ) | လူသုံးကုန် ပစ္စည်းများ | ၄,၉၆၇.၅၇ | ၅,၀၈၀.၅၄ | ၃,၉၂၅.၉၂ | ၃,၅၁၇.၇၈ | ၄,၆၆၇.၁၃ | ၁၅.၇၇ | ၇၀၅.၁၅ | ၇၂၀.၉၂ |
| (ဃ) | CMP | - | - | ၈၁၅.၂၆ | ၁,၈၉၅.၂၄ | - | | ၆၈၅.၇၀ | ၆၈၅.၇၀ |
| | **စုစုပေါင်း** | ၁၈,၆၈၁.၈၄ | ၁၉,၉၅၉.၉၃ | ၁၆,၁၅၂.၇၄ | ၁၄,၈၂၂.၇၉ | ၁၇,၃၅၂.၇၂ | **၃၁၃.၆၀** | **၄,၃၅၅.၃၀** | **၄,၆၆၈.၉၀** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဃ

# ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း မြေသြဇာတင်သွင်းမှုအခြေအနေ

မက်ထရစ်တန်

| စဉ် | မြေသြဇာအမျိုးအစား | ၂၀၂၃ ခုနှစ် | | | | | | | | | ၂၀၂၄ ခုနှစ် | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဖေဖော်ဝါရီ | မတ်လ | |
| ၁ | Nitrogen | ၄၃,၈၇၉ | ၈၂,၁၆၂ | ၇၃,၀၆၄ | | | | | | | | | | ၁၉၉,၁၀၅ |
| ၂ | Phosphate | ၁,၉၀၁ | ၁၅,၇၁၇ | ၀ | | | | | | | | | | ၁၇,၆၁၈ |
| ၃ | Potassium | ၄,၅၁၃ | ၃,၀၀၂ | ၃,၅၈၃ | | | | | | | | | | ၁၁,၁၀၈ |
| ၄ | Compound | ၁၄,၃၅၅ | ၄၃,၄၃၆ | ၇၆,၂၄၃ | | | | | | | | | | ၁၃၄,၀၃၄ |
| ၅ | Follar | ၁၅ | ၂ | ၁၆၀ | | | | | | | | | | ၁၇၇ |
| ၆ | Organic | ၁၂၅ | ၆၅၂ | ၂၀၅ | | | | | | | | | | ၉၈၂ |
| ၇ | Gypsum | ၄၅၀ | ၀ | ၁၃၀ | | | | | | | | | | ၅၈၀ |
| ၈ | Other | ၁၆၃ | ၁,၁၇၉ | ၃,၁၆၇ | | | | | | | | | | ၄,၅၀၉ |
| စုစုပေါင်း | | ၆၅,၄၀၁ | ၁၄၆,၁၆၀ | ၁၅၆,၅၅၂ | | | | | | | | | | ၃၆၈,၁၁၃ |

Source : Customs Department